**Highlights from DVB Debate's "Disability" Show**

**"How enabled are disabled in Myanmar?"**

**15/11/2014**

"ကျမတို့မသန်စွမ်းတွေကိုဆို အပြုစုခံ အစောင့်ရှောက်ခံလို့ သဘောထားနေတယ်။ မသန်စွမ်းတွေအတွက် သွားလာရေးအဆင်ပြေဖို့ ပလက်ဖောင်းတွေမှာ လျှောဆင်းတော့လုပ်ပေးထားပါရဲ့ သွားနေရင်းနဲ့ လမ်းအလယ်လောက်မှာ ဓာတ်တိုင်က စိုက်ထားပြန်ရော။ နောက် သွားလာရေးမှာ ဘတ်စ်ကားတွေက ခရီးသည်တင်ရင် မြန်မြန်တက် မြန်မြန်တက် ဆိုတော့ ချိုင်းထောက်နဲ့ ဂွီးချဲနဲ့သူတွေက ဘယ်လိုလုပ်မြန်မြန်တက်နိုင်မလဲ ဒီအခက်အခဲတွေ ရှိတယ်။"

ဒေါ်အေးသဉ္ဇာမောင် - မသန်စွမ်းအမျိုးသမီးအသင်း ဗဟိုအလုပ်အမှုဆောင်

---

"နားမကြားကျောင်းတွေက လူမှုဝန်ထမ်းလက်အောက်မှာရှိနေတယ်။ ကျနော်တို့ကို ဖိထားတယ်၊ အကြောက်တရားနဲ့အုပ်ချုပ်တယ်။ နားမကြားတွေအတွက် သင်မယ့် ဆရာ၊ ဆရာမတွေကိုယ်တိုင်က လက်သင်္ကေတတွေ မသိဘူး၊ သင်နည်းတွေမသိကြဘူး။ ကျွမ်းကျင်မှုရှိလာတဲ့ ဆရာ၊ ဆရာမတွေရှိလာပြန်တော့ နေရာရွှေ့လိုက်ပြန်ရော။"

ဦးနိုင်လင်း - အကြားအာရုံချွတ်ယွင်းသူ ကုမ္ပဏီဝန်ထမ်းတဦး

---

"လွှတ်တော်ထဲသွားဖို့ဆိုတာထက် မသန်စွမ်း အယောက်တိုင်းစီမှာ မဲပေးဖို့အခွင့်အရေး ရှိဖို့ပေါ့။ ပါတီတွေ ကိုယ်တိုင်ကလည်း မသန်စွမ်းတွေအတွက် ထည့်သွင်းစဉ်းစားမှုမရှိဘူး။ ဘယ်နေရာမှာသွားပေးရမလဲ၊ ဘယ်သူ့ကိုပေးရမလဲ၊ ဘယ်ပါတီကိုပေးရမလဲ။ မသန်စွမ်းတွေမှာလည်း ကိုယ်တိုင်မဲသွားပေးချင်တဲ့သူတွေလည်း ရှိမှာပဲ။ မျက်မမြင်တွေ၊ နားမကြားတဲ့သူတွေ.....လူတိုင်းတစ်ယောက်ချင်းစီမှာ အခွင့်အရေးရှိရယ်။''

ဦးစောသက်အောင် - မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့

---

"ကျနော်တို့ မသန်စွမ်းတွေလဲ ပုံမှန်လုပ်ငန်းခွင်ထဲမှာ ပါဝင်လုပ်ကိုင်ချင်တယ်။ မသန်စွမ်းထဲမှာမှ ထူးချွန်သူတွေကိုပဲ တော်ကောက်ကြတယ်. အရည်အချင်းရှိပြီးတော့..မွေးလာကတည်းက ပညာသင်ကြားဖို့၊ အသက်မွေးဝမ်းကျောင်းလုပ်ဖို့ အခွင့်အရေးတွေမရဘဲ လူမှုအသိုင်းအဝိုင်းထဲရောက်မလာတာတွေလည်း အများကြီးရှိနေပါတယ်။"

ဦးမြတ်သူဝင်း - ရွှေမင်းသားဖောင်ဒေးရှင်း ဥက္ကဋ္ဌ

---

“မသန်စွမ်းကာကွယ်ရေးဥပဒေထဲမှာ ကျနော်တို့ မသန်စွမ်းတွေ ပါဝင်ရေးဆွဲခဲ့တာမှန်တယ်၊ ကျနော်တို့ အကြံပေးခဲ့တာတွေ၊ ထည့်စေချင်တဲ့ အချက်တွေ..ထွက်လာမယ့် ဥပဒေထဲ ဘယ်လောက်ပါမလဲ အရေးကြီးတယ်။ ဥပဒေထွက်ပြီ.. ထွက်ပြီးရင် ဥပဒေအတိုင်း လိုက်နာကျင့်သုံးဖို့လိုသေးတယ်။ မသန်စွမ်းဥပဒေ အမြန်ထွက်ဖို့ လူထုက တောင်းဆိုချင်ရင်တောင် လုပ်ပိုင်ခွင့်ရှိနေတာက လူမှုဝန်ထမ်းကလေ”

ဦးဇင်မင်းထက် - ကိုယ်အင်္ဂါမသန်စွမ်းသူတဦး

---

“ဘာသာရေးတွေမှာကို မသန်စွမ်းတွေအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိနေတယ်။ ဥပမာ တချို့ဆိုSlide Showနဲ့ ကိုယ်အင်္ဂါမသန်စွမ်းတာတွေကိုပြပြီး ဒါဟာ အရင် ဘဝက မကောင်းတာလုပ်ခဲ့လို့၊ ဝဋ်ကြွေးရှိလို့ဆိုပြီး ပြောနေတာတွေဟာ လူ့အခွင့်အရေးချိုးဖောက်မှုတခုပဲ။ ကျမတို့ လူ့အဖွဲ့အစည်းရဲ့ အမြင်တွေ ပြောင်းဖို့ လိုနေပါပြီ”

ဒေါ်အေးသဉ္ဇာမောင် - မသန်စွမ်းအမျိုးသမီးအသင်း ဗဟိုအလုပ်အမှုဆောင်

---